CAPACITY BUILDING INITIATIVE


# CBI Newsletter

## Reaching the NGO Community Nationwide


Volume 12, Issue 4 — January, 2012


## Our Vision

Competent individuals and organizations are working together and contributing enthusiastically their capacity for the development of Myanmar.

## မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ ပါဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိကြသည်။

## Our Mission

CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.

## ရည်မှန်းချက်

စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေးပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။

## Contents


CBI in 2012
Service Introduction Seminar
Welcome CBI New Staff ----- 2

Change Discovery Forum
Follow-up and Sharing Workshops of CBI-CWS Project ----- 3

Trainings and Services from CBI
CBI Training Calendar ----- 4 - 10
News Around NGO's Community ----- 11
Update NGO Contact Information ----- 12


## မာတိကာ


စီဘီအိုင်ရဲ့ ၂၀၁၂
ဝန်ဆောင်မှုများ မိတ်ဆက်ပွဲ
စီဘီအိုင် ဝန်ထမ်းသစ်များ မိတ်ဆက်ခြင်း ----- ၂

ပြောင်းလဲမှုများ ဖော်ထုတ်ခြင်း ဆွေးနွေးပွဲ ----- ၃
စီဘီအိုင်သင်တန်းတွေရဲ့ ထိရောက်၊ အကျိုးရှိမှုများအား
ပြန်လည်သုံးသပ်ခြင်းနဲ့ ပြန်လည်မျှဝေသည့်အလုပ်ရုံဆွေးနွေးပွဲများ ----- ၄

စီဘီအိုင် သင်တန်းများနှင့် ဝန်ဆောင်မှုများ
စီဘီအိုင် သင်တန်းအချိန်ဇယား ----- ၅ - ၁၀

လူမှုရေးအဖွဲ့အစည်းများမှ သတင်းများ ----- ၁၁၊ ၁၂


## Contact CBI


No. 497, Room No. 201-202, Tower B, Diamond Condo, Pyay Road, Kamayut Township,Yangon, Myanmar
Phone : (95-1) 501 379, 523 675, (95-9) 540 8067
Email : cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@cbiinmyanmar.org, cbitraining.training@gmail.com
Website : www.cbiinmyanmar.org


## စီဘီအိုင်ကိုဆက်သွယ်ရန်


အမှတ် ၄၉၇၊ အခန်း ၂၀၁-၂၀၂၊ တာဝါ ဘီ၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၅၀၁ ၃၇၉၊ ၅၂၃ ၆၇၅၊ ၀၉ ၅၄၀ ၈၀၆၇
အီးမေးလ် - cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@cbiinmyanmar.org cbitraining.training@gmail.com
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org



*Limited for Internal Circulation Only*

## CBI in 2012

CBI will continue providing OD & HRD services to International and Myanmar NGOs through in-house training/ workshops, customized trainings, strategic planning, OCA workshops and consultancy services. Most of the in-house trainings will be more focused on in-depth learning of specific area of learning. In addition to that CBI will conduct Capacity Building trainings for staffs of local organizations and local community leaders in the remote area through CBI sub-centers. CBI will also develop five training curriculums and test them and distribute to all NGOs for their use. In developing and testing the curriculums, our partner local NGOs will cooperate and contribute their experience and expertise for the benefit of all of us.



## စီဘီအိုင်ရဲ့ ၂၀၁၂

စီဘီအိုင်အနေနဲ့ အပြည်ပြည်ဆိုင်ရာနဲ့ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းတွေအတွက် လူ့စွမ်းအား အရင်းအမြစ်နဲ့ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုတွေကို ဆက်လက်ဆောင်ရွက် သွားမှာဖြစ်သလို အဖွဲ့အစည်းတွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီအောင် ရေးဆွဲထားတဲ့ သင်တန်းတွေ၊ အဖွဲ့အစည်း စွမ်းဆောင်ရည် အကဲဖြတ်မှု ဆွေးနွေးပွဲတွေ၊ ရေရှည်စီမံကိန်း ရေးဆွဲရေး ဆွေးနွေးပွဲ တွေကိုလည်း ဆက်လက်ဆောင်ရွက်နေပါမယ်။ စီဘီအိုင်ရဲ့ အစီအစဉ်နဲ့ ဖွင့်လှစ်မယ့် သင်တန်းတွေမှာလည်း ဘာသာရပ်တစ်ခုကို ထဲထဲဝင်ဝင် သင်ယူလေ့လာနိုင်ရန်အတွက် စီစဉ်ထားပါတယ်။ ဒ့ါအပြင် စီဘီအိုင်သင်တန်း ဌာနခွဲများ ဖွင့်လှစ်ပြီး ဝေးလံတဲ့ဒေသတွေမှာရှိတဲ့ လူမှုရေး အဖွဲ့အစည်းတွေက ဝန်ထမ်းတွေနဲ့ ကျေးလက်ဒေသ ခေါင်းဆောင်တွေအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့ သင်တန်းတွေကို ပြုလုပ် ပေးသွားဖို့လည်း ရှိပါတယ်။ စီဘီအိုင်အနေနဲ့ သင်တန်း သင်ရိုးညွှန်းတမ်းတွေကို အားလုံး အသုံးပြုနိုင်အောင် ပြင်ဆင်ဖြည့်စွက် ဆန်းစစ်ပြီး ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများကို ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေ ပြင်ဆင်ဖြည့်စွက်ရာမှာလည်း မိတ်ဖက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေရဲ့ အတွေ့အကြုံတွေ ကျွမ်းကျင်မှုတွေ ပူးပေါင်းကူညီမှုတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

---

## Service Introduction Seminar

Service Introduction Seminar was initiated by CBI in 2012. The main purpose of this seminar is to introduce and explain the nature and scope of services provided by CBI. CBI explored the skills needed to enhance the capacity of organizations. CBI asked the opinions of training contents from attendees. All together 20 people contributed valuable and useful advice to CBI. The discussion was very active and they shared their knowledge and experience during the seminar. CBI recorded and will use these ideas for development of training content and curriculums for future services of CBI. CBI owes to the people who attended the seminar and gave advice and suggestion for CBI. CBI also appreciates and is grateful to all stakeholders for their support to CBI services provided and services providing in future.



## ဝန်ဆောင်မှုများ မိတ်ဆက်ပွဲ

၂၀၁၂ ဝန်ဆောင်မှုများ မိတ်ဆက်ပွဲကို စီဘီအိုင်ကပေးနေတဲ့ ဝန်ဆောင်မှုတွေရဲ့ သဘောသဘာဝ တွေနဲ့ အကျယ်အဝန်းကို မိတ်ဆက် ရှင်းလင်းတဲ့အနေနဲ့ ပြုလုပ်ခဲ့ပြီး အဖွဲ့အစည်းတွေရဲ့ မြှင့်တင်ဖို့ လိုအပ်နေတဲ့ စွမ်းဆောင်ရည်တွေကို ဖော်ထုတ်ခဲ့ပါတယ်။ တက်ရောက်သူများထံမှ စီဘီအိုင် သင်တန်းတွေအပေါ် အမြင်ကိုလည်း တောင်းခံခဲ့ရာ မိတ်ဆွေ ၂၀ဦးက သူတို့ရဲ့ တန်ဖိုးရှိလှတဲ့ အကြံဉာဏ်တွေ ပေးကြပါတယ်။ ဒီမိတ်ဆက်ပွဲမှာ ဆွေးနွေးချက်တွေ မျှဝေ ဖလှယ်ချက်တွေ အလွန်ကောင်းမွန်ခဲ့ပါတယ်။ အားလုံးကို မှတ်တမ်းတင်ထားပြီး သင်ရိုးညွှန်းတမ်းတွေမှာ ပြင်ဆင်ဖြည့်စွက်သွားကာ ဝန်ဆောင်မှုအသစ်တွေ ပေးသွားမှာပဲ ဖြစ်ပါတယ်။ မိတ်ဆက်ပွဲမှာ တက်ရောက်ခဲ့ပြီး စီဘီအိုင်အတွက် ဆွေးနွေးပေးခဲ့တာတွေကို ကျေးဇူးတင်ပါတယ်။ အကောင်အထည်ဖော်နေပြီးဖြစ်တဲ့ ဝန်ဆောင်မှုတွေနဲ့ အကောင်အထည်ဖော် သွားဖို့ ရှိနေတဲ့ ဝန်ဆောင်မှုတွေမှာ ပါဝင်ကြမယ့်သူ အားလုံးကိုလဲ ကျေးဇူးတင်လျက်ပါ။

---

## Welcome New CBI Staff!!!

Thin Mya Mya Soe joined CBI as Admin Assistant, Lay Myat Nwe joined CBI as Receptionist.

Shune Lei Nyunt Hlaing joined CBI as Finance Officer, and Wint War War joined CBI as Accountant.

## Change Discovery Forum



During 2011, there were altogether 7 trainings including 4 short course trainings and 3 Facilitation ToT trainings were conducted by CBI. To find out the application of gained knowledge and skills in their work place, a forum called 'Change Discovery Forum', which is a kind of end project evaluation for CBI/ CWS (Church World Service) project was run on 15th December, 2011 at Summit Park View Hotel. 23 delegates from different LNGOs, CBOs and SHGs and representatives from four stakeholders attended this forum. The participatory approach was used during the process of the workshop. Along the workshop process, there were altogether 5 portions including Training Days Reflection, Follow-up, Output Sharing, Individual and organizational change discovery and the benefits for community.

CBI highly appreciates all the participants and the organizations for giving the time and putting efforts to find the changes.

## ပြောင်းလဲမှုများဖော်ထုတ်ခြင်း ဆွေးနွေးပွဲ

၂၀၁၁ ခုနှစ်အတွင်းမှာ စီဘီအိုင်က ရက်တိုသင်တန်း ၄ခုနဲ့ ပံ့ပိုးကူညီမှု သင်တန်းဆရာဖြစ်သင်တန်း ၃ခု စုစုပေါင်း ၇ခု ပြုလုပ်ခဲ့ပါတယ်။ သင်တန်းတွေကနေ ရရှိလိုက်တဲ့ ဗဟုသုတတွေ ကျွမ်းကျင်မှုတွေကို လုပ်ငန်းခွင်မှာ ဘယ်လောက်၊ ဘယ်လိုပြန်ပြီး အသုံးချနေကြလဲဆိုတာ သိရှိနိုင်ဖို့ ပြောင်းလဲမှုတွေ ဖော်ထုတ်တဲ့ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲဟာ CBI-CWS စီမံချက်ရဲ့ စီမံချက်အကဲဖြတ်ခြင်းဆိုင်ရာ လှုပ်ရှားမှုတစ်ခုလည်း ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ရက်နေ့မှာ ဆန်းမစ်ပါ့ခ်ဗျူး ဟိုတယ်မှာ ပြုလုပ်ခဲ့ရာ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတွေ ရပ်ရွာအခြေပြု အဖွဲ့အစည်းတွေ ကိုယ်ထူကိုယ်ထအဖွဲ့အစည်းတွေမှ ကိုယ်စားလှယ် ၂၃ ယောက် တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ အားလုံးပူးပေါင်းပါဝင်စေတဲ့ နည်းလမ်းကို အသုံးပြုခဲ့ပြီး အပိုင်း ၅ပိုင်းပါဝင်ခဲ့ပါတယ်။ သင်တန်းတက်ခဲ့တဲ့နေ့ရက်တွေကို ပြန်လည်ထင်ဟပ်စေခဲ့သလို အသုံးချခဲ့တာတွေကို ပြန်လည်မျှဝေခဲ့ကြပါတယ်။ တစ်ဦးချင်းနဲ့ အဖွဲ့အစည်းအလိုက် ပြောင်းလဲမှုတွေ၊ ရပ်ရွာအတွက် အကျိုးဖြစ်ထွန်းမှုတွေကိုလည်း ဆွေးနွေးဖလှယ်နိုင်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲအတွက် အချိန်နဲ့ အင်အားစိုက်ထုတ်ပေးခဲ့ကြတဲ့ တက်ရောက်သူတွေ အဖွဲ့အစည်းတွေ အားလုံးကို စီဘီအိုင်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

---

## Follow-up and Sharing Workshop of CBI-CWS Project

In order to maximize the effectiveness of services provided by the CBI-CWS project, CBI had a predetermined plan to conduct follow up and sharing workshops.

CBI had conducted follow up and sharing workshops for regular trainings and ToT trainings started from September to December, 2011 in Yangon, Magway, and Myitkyinar. Specific objectives are set and participants' selection criteria are developed to enhance the effectiveness of workshops.



From those workshops we figured out how much and how deeply did the participants applied from training, what challenges they encountered when they applied and how did they overcome and what kind of supports they needed more at work, by using mind mapping, brain storming, gallery walk and most significant change methods.

During the workshops, participants had a chance to learn and share their experience and they were able to discuss and discover the ways to solve the problem of their communities.

At the end of the workshops, they were very satisfied with what they have done on workshop days with new learning points.

## စီဘီအိုင် သင်တန်းတွေရဲ့ ထိရောက်၊ အကျိုးရှိမှုများအား ပြန်လည်သုံးသပ်ခြင်းနဲ့ ပြန်လည်မျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲများ



စီဘီအိုင်အနေနဲ့ CBI-CWS Project ရဲ့ သင်တန်းတွေ အရည်အသွေး ပိုမိုကောင်းမွန်လာစေဖို့ ရည်သန်ပြီး သင်တန်းတွေရဲ့ ထိရောက်အကျိုးရှိမှုတွေကို ပြန်လည်သုံးသပ်ကာမျှဝေတဲ့ အလုပ်ရုံ ဆွေးနွေးပွဲတွေ ပြုလုပ်သွားဖို့ ကြိုတင်ပြင်ဆင်ထားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ စတင်ပြီး ရန်ကုန်၊ မကွေးနဲ့ မြစ်ကြီးနားမြို့တွေမှာ ပြုလုပ်ခဲ့ပြီးဖြစ်တဲ့ ပုံမှန် ရက်တိုသင်တန်းတွေနဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းတွေအတွက် အလုပ်ရုံ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲ ထိရောက်အကျိုးရှိစေဖို့အတွက် ဖိတ်ကြားရမယ့်သူတွေကို စနစ်တကျ စိစစ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။



ဒီအလုပ်ရုံ ဆွေးနွေးပွဲတွေမှာ သင်တန်းသားတွေက သင်ယူလေ့လာခဲ့တာတွေကို ပြန်လည် အသုံးချခဲ့ပုံ၊ အသုံးချရာမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုတွေ၊ အလုပ်ခွင်မှာ အဆင်ပြေချောမွေ့စွာနဲ့ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်နေတဲ့ ပံ့ပိုးကူညီမှုတွေကို ဖော်ထုတ်ခဲ့ပါတယ်။ စိတ်ကူးမြေပုံဆွဲနည်း၊ ဖြန့်ထွက်တွေးခေါ်ခြင်းနည်း၊ ပြခန်းအတွင်း လှည့်လည် လေ့လာခြင်း၊ ထူးခြားတဲ့ ပြောင်းလဲမှုတွေကို လေ့လာခြင်းစတဲ့နည်းလမ်းတွေ အသုံးပြုခဲ့ပါတယ်။ ဆွေးနွေးပွဲတွေမှာ တက်ရောက်သူတွေ အချင်းအချင်း အတွေ့အကြုံတွေကို ပြန်လည်ဝေမျှခဲ့ကြပြီး၊ မိမိတို့ လုပ်ငန်းခွင်မှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို တင်ပြကြတာကြောင့် စုပေါင်း အဖြေရှာနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။

ဆွေးနွေးပွဲအပြီးမှာတော့ တက်ရောက်သူတွေဟာ ဒီလိုဆွေးနွေးပွဲကို တက်ရောက်ခွင့်ရလိုက်တဲ့အတွက် အသစ်သင်ယူရရှိလိုက်တာတွေနဲ့ ပြန်လည်မှတ်မိလာတာတွေရှိတဲ့တွက် များစွာကျေနပ်အားရကြောင်း ပြောကြားကြပါတယ်။

---

## Integrated Facilitation Series





CBI has been conducting series training in order to provide in-depth knowledge on subject matters. During the last three months of 2011, CBI conducted Integrated Facilitation Training Series to promote learning, thinking and sharing on facilitation in order to engage people, empower teams, goals and elicit breakthroughs.

Training part I was conducted from 5-7 October, 2011. All together 23 participants- 10 from International NGOs and 13 from Local NGOs-attended. Part I was aimed to equip fundamental knowledge and skills of facilitation as a foundation, to learn the basic flow of processes to promote participation in group and to enhance the application of core practices on facilitation.

Training part II was from 16-18 November, 2011 with 20 participants, 10 from International NGOs and 10 from Local NGOs. At the end of Part II, participants learned widely used large group processes and their essence and, gained the spirit of engagement to pollinate large group conversations, and also enhanced creative application of facilitation practices.

The last Part III was conducted from 7-9 December, 2011. In this training, 17 participants, 8 from International NGOs and 9 from Local NGOs, participated. Learning Objectives were to sense the nature of interventions that a facilitator makes in a system, to learn and share on the facilitation strategies for breakthroughs and to exercise the practices of holding the space in the heat.

## ဘက်စုံပေါင်းစည်းထားသော ပံ့ပိုးကူညီမှု မော်ဂျူးသင်တန်းများ



စီဘီအိုင်အနေနဲ့ ဘာသာရပ်အလိုက် ပိုမိုထဲထဲဝင်ဝင် သိရှိသွားစေဖို့အတွက် သင်တန်းတွေကို သက်ဆိုင်ရာ အပိုင်းလိုက်ပိုင်းပြီး အတွဲလိုက် သင်တန်းတွေ ပို့ချပေးလျက်ရှိပါတယ်။ ၂၀၁၁ နှစ်ကုန်ပိုင်းမှာ ဘက်စုံပေါင်းစည်းထားတဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ မော်ဂျူးသင်တန်းတွေကို အပြည်ပြည်ဆိုင်ရာနဲ့ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းက ဝန်ထမ်းတွေအတွက် သုံးလ ဆက်တိုက် ဖွင့်လှစ်ခဲ့ပါတယ်။ အသင်းအဖွဲ့တွေမှာ အားလုံးတသားတည်းပါဝင်နေပြီး အသင်းရဲ့ လုပ်ကိုင်ခွင့် စွမ်းရည်တွေ တိုးတက်လာစေဖို့ အခက်အခဲတွေကို ထိုးဖောက်ကျော်လွှားပြီး ရည်ရွယ်ချက်ထက် ကျော်လွန်တဲ့ ပန်းတိုင်တွေကို ရောက်ရှိသွားစေဖို့ လိုအပ်တဲ့ ပံ့ပိုးကူညီမှု အသိပညာတွေကို သင်ယူ တွေးခေါ် မျှဝေနိုင်စေဖို့ ရည်ရွယ်ပြီး ပြုလုပ်တာပဲ ဖြစ်ပါတယ်။

ပထမမော်ဂျူးကို အောက်တိုဘာလ ၅ရက်နေ့ကနေ ၇ရက်နေ့အထိ ပို့ချပေးခဲ့ရာမှာ စုစုပေါင်း ၂၃ယောက် တက်ရောက်ခဲ့ပါတယ်။ ပံ့ပိုးကူညီခြင်းဆိုင်ရာ အသိပညာတွေ ကျွမ်းကျင်မှုတွေ ရရှိလာစေဖို့ ဖြစ်စဉ်ရဲ့သဘောသဘာဝကို သိရှိခြင်းအားဖြင့် လူတွေအပြည့်အဝ ပါဝင်လာစေဖို့ ပံ့ပိုးကူညီခြင်းဆိုင်ရာ အလေ့အကျင့်တွေကို အသုံးချနိုင်စေဖို့ ရည်ရွယ်ပါတယ်။

ဒုတိယမော်ဂျူးကို နိုဝင်ဘာလ ၁၆ရက်နေ့ကနေ ၁၈ရက်နေ့အထိ သင်တန်းသား အယောက် ၂၀ နဲ့ ပြုလုပ်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြတဲ့ လူအမြောက်အများပါဝင်တဲ့ စကားဝိုင်းတွေနဲ့ သူရဲ့အနှစ်သာရတွေကို သိရှိသွားကြစေဖို့၊ စကားဝိုင်းတွေမှာ တသားတည်းစိမ့်ဝင်ပြီး အတွေးအခေါ်တွေ ကူလူးဆက်သွယ် ဖလှယ်ကြပြီး အနှစ်သာရ ပြည့်ဝနေစေဖို့၊ ဆန်းသစ်တဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ အလေ့အကျင့်တွေကို အသုံးချနိုင်စေဖို့ပဲဖြစ်ပါတယ်။

နောက်ဆုံးမော်ဂျူးကိုတော့ ဝန်ထမ်း ၁၇ဦးနဲ့ ဒီဇင်ဘာလ ၇ရက်ကနေ ၉ရက်နေ့ထိ ပို့ချခဲ့ပါတယ်။ စနစ်တစ်ခုအတွင်းမှာ ပံပိုးကူညီသူ တစ်ယောက်အနေနဲ့ ဝင်ရောက်ကူညီ လုပ်ဆောင်ပုံ သဘောသဘာဝတွေကို ထိတွေ့နိုင်စေဖို့နဲ့ ပန်းတိုင်ရောက်အောင် ထိုးဖောက်ကျော်လွှားသွားဖို့အတွက် ပံ့ပိုးကူညီမှုဆိုင်ရာ နည်းဗျူဟာတွေကို ဖလှယ်နိုင်ကြစေဖို့၊ ဆွေးနွေးပွဲ၊ စကားဝိုင်းတွေကို ထိန်းထားပေးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို သိရှိလုပ်ဆောင်နိုင်စေဖို့ ရည်ရွယ်ပါတယ်။

---

## Communication Skills Trainings





For the purpose of having the comprehensive skill and knowledge of communication within the organizations as well as projects and to initiate the development of communication skills for internal and external communication, CBI conducted Communication Skills Trainings for MDM (Médecins du Monde), Myanmar Positive Group (MPG) and Myanmar Positive Women Group (MPWG).

This training was conducted from 21 to 22 October for MDM. 25 participants including 11 male and 14 female attended.

For Myanmar Positive Group (MPG), CBI conducted this training from 7 to 9 November 2011. Total number of 27 participants actively participated the training.

30 participants from Myanmar Positive Women Network (MPWN) attended the communication skills training conducted from 22 to 24 December, 2011 at CBI.

Trainings were designed by experiential learning approach and composed of sharing and reflection sessions. At the end of the training, participants understood the basic knowledge of communication, developed the primary communication skills needed for effective communication. Moreover they all got the chance to share and learn the internal and external channels of communication in organizations and projects.

## ဆက်သွယ်ဖလှယ်မှုကျွမ်းကျင် သင်တန်း



စီဘီအိုင်အနေနဲ့ ဆက်သွယ်ဖလှယ်မှုကျွမ်းကျင်သင်တန်းတွေကို MDM, MPG နဲ့ MPWN တို့အတွက် ပြုလုပ်ပေးခဲ့ပါတယ်။ ဒီသင်တန်းတွေကို အဖွဲ့အစည်းအတွင်း၊ စီမံချက်အတွင်း ဆက်သွယ်ဖလှယ်ခြင်းဆိုင်ရာ အသိပညာဗဟုသုတတွေ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံရှိနေစေဖို့အပြင် အဖွဲ့အစည်းအတွင်းမှာသာမက ပြင်ပနဲ့ ဆက်သွယ်ဆောင်ရွက်ရာမှာလည်း ကျွမ်းကျင်မှုတွေ တိုးတက်လာစေဖို့ ရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်ပါတယ်။

MDM အတွက် သင်တန်းကို အောက်တိုဘာလ ၂၁ ရက်နေ့နဲ့ ၂၂ ရက်နေ့တွေမှာ ပြုလုပ်ပေးခဲ့တာဖြစ်ပြီး သင်တန်းသား ၂၅ဦးတက်ရောက်ခဲ့ပါတယ်။

MPGအတွက် နိုဝင်ဘာလ ၇ရက်နေ့ကနေ ၉ရက်နေ့အထိ သုံးရက်တာပြုလုပ်ပေးခဲ့ရာမှာတော့ ၂၇ယောက် တက်ကြွစွာ ပါဝင်ခဲ့ပါတယ်။ သင်တန်းသား ၃၀ဦးတက်ရောက်ခဲ့တဲ့ MPWN သင်တန်းကိုတော့ ဒီဇင်ဘာလ ၂၂ရက်နေ့ကနေ ၂၄ရက်နေ့အထိ ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။

အတွေ့အကြုံပေါ်အခြေခံသော လေ့လာသင်ယူရတဲ့နည်းကို သင်တန်းတိုင်းမှာ အသုံးပြုခဲ့တာကြောင့် သင်တန်းသားတွေအနေနဲ့ ကိုယ်ပိုင် အတွေ့အကြုံကို မျှဝေပြီး ပြန်လည်ထင်ဟပ်နိုင်ခဲ့ပါတယ်။ သင်တန်းအပြီးမှာ သင်တန်းသားတွေအနေနဲ့ ဆက်သွယ်ဖလှယ်ခြင်းဆိုင်ရာ အခြေခံဗဟုတသုတတွေကို နားလည်သွားကြပြီး ထိရောက်တဲ့ ဆက်သွယ်ဖလှယ်ခြင်းအတွက် အဓိကလိုအပ်တဲ့ ကျွမ်းကျင်မှုတွေ တိုးတက်လာကြပါတယ်။ ဒ့ါအပြင် အဖွဲ့အစည်းတွေ စီမံချက်တွေ အတွင်း၊ အပြင် ဆက်သွယ်ဖလှယ်ခြင်းလမ်းကြောင်းတွေကို အချင်းအချင်းအပြန်အလှန် မျှဝေရင်း သင်ယူလေ့လာခွင့်လည်းရခဲ့ကြပါတယ်။

---

## Community Facilitation Trainings



Community Facilitation skill and methods are needed in enhancing capacities for increased participation of community in development works. So CBI provided Community Facilitation Trainings for CARE Myanmar and Myanmar Positive Group (MPG) during December, 2011. The training for CARE Myanmar was conducted at Lamine, Mon State with 18 participants.

At the MPG Training, 21 Male and 10 female, altogether 31 participants attended. After the trainings, participants gained the basic knowledge and concepts of community and facilitation, learned the facilitation skills needed for practicing in community. They all were confident in applying these skills and methods in facilitating trainings and community meetings.

## လူထုဆိုင်ရာ ပံ့ပိုးကူညီမှု သင်တန်း



ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လူထုပူးပေါင်းပါဝင်မှု မြင့်မားလာဖို့အတွက် စွမ်းဆောင်ရည် မြှင့်တင်တဲ့နေရာမှာ လူထုပံ့ပိုးကူညီခြင်းဆိုင်ရာ ကျွမ်းကျင်မှုတွေနဲ့ နည်းလမ်းတွေ လိုအပ်ပါတယ်။ ဒ့ါကြောင့် စီဘီအိုင်အနေနဲ့ လူထုပံ့ပိုးကူညီမှုသင်တန်းတွေကို CARE မြန်မာနဲ့ MPG အဖွဲ့တို့အတွက် ဒီဇင်ဘာလအတွင်းမှာ ပြုလုပ်ပေးခဲ့ပါတယ်။ CARE မြန်မာအတွက် သင်တန်းကို မွန်ပြည်နယ်၊ လမိုင်းမြို့မှာ ပြုလုပ်ခဲ့တာဖြစ်ပြီး သင်တန်းသား ၁၈ယောက်တက်ရောက်ခဲ့ပါတယ်။ MPG သင်တန်းမှာတော့ အမျိုးသား ၂၁ယောက်၊ အမျိုးသမီး ၁၀ယောက်၊ စုစုပေါင်း ၃၁ယောက် တက်ရောက်ခဲ့ပါတယ်။ သင်တန်းအပြီးမှာတော့ သင်တန်းသားတွေဟာ လူထုပံ့ပိုးကူညီခြင်းဆိုင်ရာ အသိပညာတွေ ရှုထောင့်တွေကို ရရှိသွားကြပြီး လူထုအတွင်းမှာ ကျင့်သုံးသင့်တဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ ကျွမ်းကျင်မှုတွေကိုလဲ သိရှိသွားကြပါတယ်။ ဒ့ါအပြင် သင်တန်းကနေရရှိသွားတဲ့ နည်းလမ်းတွေ ကျွမ်းကျင်မှုတွေကို သင်တန်းပေးရာမှာပဲဖြစ်ဖြစ် လူထုစည်းဝေးပွဲတွေမှာပဲဖြစ်ဖြစ် ပြန်လည်အသုံးချနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်တွေ ရရှိသွားကြပါတယ်။

## Creative Thinking and Report Writing Trainings



These trainings were conducted from 21 to 25 November, 2011 for the staff of MSF-Switzerland in Dawei. 2-day Creative Thinking Training was focused on understaning the two hemispheres of the brain and types of thinking based on the hemisphere and to be able to apply the most common methods of creative thinking such as 100 miles per hour thinking, 180 degree thinking. Report Writing Training aimed to equip the knowledge, methods and skills in writing clear, concise and cohesive reports related to their work. All together 26 participants, 10 males and 16 females, attended this 5-day training.

### တီထွင်ကြံဆ တွေးခေါ်ခြင်းနဲ့ အစီရင်ခံစာရေးသားနည်းသင်တန်းများ

ဒီသင်တန်းတွေကို နိုဝင်ဘာလ ၂၁ရက်နေ့ကနေ ၂၅ ရက်နေ့အထိ MSF ဆွစ်ဇာလန်မှ ဝန်ထမ်းတွေအတွက် ထားဝယ်မြို့မှာ ပြုလုပ်ပေးခဲ့တာပဲဖြစ်ပါတယ်။ ၂ရက်တာ ပြုလုပ်ခဲ့တဲ့ တီထွင်ကြံဆ စဉ်းစားတွေးခေါ်ခြင်း သင်တန်းမှာ ဦးနှောက်ရဲ့အပိုင်းနှစ်ပိုင်းနဲ့ တစ်ပိုင်းစီရဲ့ မတူညီတဲ့စဉ်းစားပုံတွေကို အထူးပြုခဲ့ပြီး အသုံးများတဲ့ ဖန်တီးစဉ်းစားတွေးခေါ်ခြင်းဆိုင်ရာနည်းလမ်းနှစ်ခုဖြစ်တဲ့ တစ်နာရီမိုင်တစ်ရာ စဉ်းစားနည်းနဲ့ ၁၈၀ ဒီဂရီစဉ်းစားနည်းတွေ ပါဝင်ခဲ့ပါတယ်။ အစီရင်ခံစာရေးသားနည်းသင်တန်းမှာတော့ ရှင်းလင်းတိကျပြီး ကျစ်လစ်မှုရှိတဲ့ အစီရင်ခံစာတွေကို ရေးသားနိုင်မယ့် ဗဟုသုတတွေ နည်းလမ်းတွေ ကျွမ်းကျင်မှုတွေ ပေးနိုင်ဖို့ ဦးတည်ခဲ့ပါတယ်။ ငါးရက်ကြာပြုလုပ်ခဲ့တဲ့ ဒီသင်တန်းနှစ်ခုမှာ အမျိုးသား ၁၀ယောက်နဲ့ အမျိုးသမီး ၁၆ယောက်၊ စုစုပေါင်း ၂၆ယောက် တက်ရောက်ခဲ့ပါတယ်။

---

## Facilitation TOT Training for Save the Children in Myanmar



On 9-11 December, CBI conducted Facilitation ToT Training for 11 staff of Save the Children in Myanmar in Yangon. Participants developed a systematic overview of participatory training design and methods. They practiced and applied the facilitation skills and methods necessary to implement the effective meeting and participatory training.

### ပံ့ပိုးကူညီမှု သင်တန်းဆရာဖြစ်သင်တန်း

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့ကနေ ၁၁ရက်နေ့အထိ SC မြန်မာမှဝန်ထမ်း ၁၁ယောက်အတွက် ပံ့ပိုးကူညီမှု သင်တန်းဆရာဖြစ်သင်တန်း ပို့ချပေးခဲ့ပါတယ်။ သင်တန်းသားတွေဟာ အစီအစဉ်ကျနတဲ့ ပူးပေါင်းပါဝင်တဲ့သင်တန်း ဒီဇိုင်းတွေ နည်းလမ်းတွေ သိရှိသွားကြပြီး အကျိုးရှိထိရောက်တဲ့ အစည်းအဝေးတွေ ပူးပေါင်းပါဝင်တဲ့ သင်တန်းတွေ ပြုလုပ်သွားနိုင်ဖို့ ပံ့ပိုးကူညီခြင်းဆိုင်ရာ ကျွမ်းကျင်မှုတွေနဲ့ နည်းလမ်းတွေကို အသုံးချလေ့ကျင့်နိုင် ခဲ့ကြပါတယ်။

---

## Leadership Trainings



Three day leadership trainings were conducted by the CBI from 19-21 October, 2011 for Three Diseases Fund (3DF) and from 1-3 November, 2011 for Myanmar Positive Group (MPG). This training was focused on the leadership principles and competencies as well as significant leadership styles and powers. Training sessions started with giving some experience on the specific topic with conceptual games and activities as appetizers for the brain.

### ခေါင်းဆောင်မှု သင်တန်းများ

သုံးရက်တာ ခေါင်းဆောင်မှုသင်တန်းများကို ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်နေ့မှ ၂၁ရက်နေ့အထိ ရောဂါသုံးမျိုးတိုက်ဖျက်ရေးအဖွဲ့အတွက်၊ နိုဝင်ဘာလ ၁ရက်နေ့ကနေ ၃ရက်နေ့အထိ MPG အတွက် အသီးသီးပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းတွေမှာ ခေါင်းဆောင်မှုဆိုင်ရာ သဘောတရားတွေနဲ့ နည်းလမ်းတွေ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အချင်းပြည့်ဝမှုတွေကို ဦးတည်ပို့ချခဲ့ပါတယ်။ ဒါ့အပြင် သိသာထင်ရှားတဲ့ ခေါင်းဆောင်မှုပုံစံနဲ့ စွမ်းရည်တွေလည်း ပါဝင်ခဲ့ပါတယ်။ သင်တန်းသားတွေအားလုံးဟာ ကစားနည်းတွေမှာ တက်ကြွစွာ ပါဝင်ကြရင်း အတွေ့အကြုံတွေကို ပြန်လည် မျှဝေခဲ့ပါတယ်။

## Project Management Training



CBI organized Project Management training for Friends for Health (FFH) on 21 to 23 November, 2011 at FFH office. The purpose of the training was to get better understanding of the meaning of a project and to develop the project management ability realizing the management process and concepts in each phase of project cycle. Altogether 25 participants from local NGOs and CBOs attended the training. They were willing to share their knowledge and experience with others and discussed deeply about all topics. All participants were eager to learn and actively participated in all activities.

## စီမံချက် စီမံခန့်ခွဲခြင်းသင်တန်း

နိုဝင်ဘာလ ၂၁ရက်နေ့ကနေ ၂၃ရက်နေ့အထိ FFH အဖွဲ့အတွက် စီမံချက် စီမံခန့်ခွဲခြင်းသင်တန်းကို ပို့ချပေးခဲ့ပါတယ်။ စီမံချက်ဆိုတာကို ပိုမိုနားလည်သွားကြဖို့နဲ့ စီမံချက်စက်ဝန်းအဆင့်တစ်ဆင့်ချင်းရဲ့ ဖြစ်စဉ်တွေ သဘောတရားတွေ စီမံခန့်ခွဲပုံကို နားလည်ပြီး စီမံချက်တစ်ခုလုံးကို စီမံခန့်ခွဲနိုင်တဲ့ စွမ်းရည်တိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းက ဝန်ထမ်း စုစုပေါင်း ၂၅ ယောက် တက်ရောက်ခဲ့ပါတယ်။ သင်တန်းသားတွေဟာ အခန်းကဏ္ဍတစ်ခုချင်းစီမှာ ထဲထဲဝင်ဝင်ဆွေးနွေးကြသလို သူတို့ရဲ့ အတွေ့အကြုံတွေ ဗဟုသုတတွေကိုလည်း မျှဝေခဲ့ကြပါတယ်။ သင်တန်းကာလ တစ်လျှောက်လုံးမှာလဲ စိတ်အားထက်သန်စွာနဲ့ တက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။

---

## Report Writing and Proposal Writing Training




CBI conducted Report Writing and Proposal Writing Training for Myanmar Positive Group (MPG) on 28 November to 2 December 2011 at CBI training room. Altogether 23 participants attended. At the end of the training, they identified how to analyze and interpret the data and how to plan and structure a report relevant to work nature. They also understood how to write and edit a report applying professional writing methods. Moreover they gained clear understanding on the components of qualified proposals and knew how to find out the data to put in each part of a proposal. At the end of the training, participants were eager to write an effective report with clear language and understanding. They said that they could prepare a clear and attractive proposal based on the knowledge got from this training.

## အစီရင်ခံစာနှင့် အဆိုပြုလွှာများ ရေးသားနည်းသင်တန်း

MPG အဖွဲ့အတွက် ဒီသင်တန်းကို နိုဝင်ဘာလ ၂၈ရက်နေ့ကနေ ဒီဇင်ဘာလ ၂ရက်နေ့အထိ ငါးရက်ကြာ ပြုလုပ်ခဲ့ရာမှာ စုစုပေါင်း သင်တန်းသား ၂၃ယောက် ပါဝင်ခဲ့ပါတယ်။ သင်တန်း အပြီးမှာတော့ သင်တန်းသားတွေဟာ သတင်းအချက်အလက်တွေကို စီစစ် အဓိပ္ပာယ်ဖွင့်ဆိုပုံ၊ အလုပ်နဲ့ ကိုက်ညီတဲ့ အစီရင်ခံစာတစ်စောင်ကို စီစဉ်ရေးဆွဲပုံတွေကို သိရှိသွားကြပါတယ်။ ရေးသားနည်း အတတ်ပညာတွေနဲ့ အစီရင်ခံစာကို ပြင်ဆင်ရေးသားပုံကိုလည်း နားလည်သွားကြပါတယ်။ ဒ့ါအပြင် ပြီးပြည့်စုံတဲ့ အဆိုပြုလွှာတစ်စောင်မှာရှိတဲ့ အစိတ်အပိုင်းတွေကို ရှင်းရှင်းလင်းလင်း နားလည်သွားကြပြီး အစိတ်အပိုင်းတစ်ခုချင်းစီအတွက် သတင်းအချက်အလက်တွေကို ဘယ်လိုရှာဖွေရမယ်ဆိုတာကိုလည်း သိရှိသွားကြပါတယ်။ သင်တန်းအပြီးမှာတော့ ရှင်းလင်းတဲ့ ရေးသားနည်းပုံစံတွေနဲ့ အစီရင်ခံစာတွေ ရေးသားဖို့ စိတ်အားထက်သန်နေကြပါတယ်။ သင်တန်းကနေရရှိလာတဲ့ အသိပညာတွေအပေါ် အခြေခံပြီး ရှင်းလင်းပြီး ဆွဲဆောင်မှုအပြည့်ရှိတဲ့ အဆိုပြုလွှာတွေရေးသားနိုင်တော့မယ်လို့လည်း ပြောကြားကြပါတယ်။

## Team Building Trainings



CBI Training Team conducted the Team Building Training for MSF- Switzerland (Médecins Sans Frontières - Switzerland) from 9 to 11 December, 2011. A total 16 participants, 5 male and 11 female attended.

Besides CBI also conducted this training for MPG and MSM Network on 26-28 December 2011. At this training, 30 participants attendeded, 22 were male and 8 were female.

Training was concentrated to provide necessary knowledge and experience for the participants to participate effectively in a team building effort and to have clear insight on the ways of building a strong team. Training contents were adjusted in line with the level of participants and available time.

At the end of the training, participants understood clearly the aspect of team building how to develop sound working condition among team members, and knew the value of individual team member. They also possessed personal skills and knowledge and enhanced their capacity in team development. They learned how to lead the team in both flexible and appropriate leadership and management styles.

## အသင်းအဖွဲ့ စည်းလုံးမှု မြှင့်တင်ခြင်းသင်တန်း



အသင်းအဖွဲ့စည်းလုံးမှု မြှင့်တင်ခြင်းသင်တန်းကို MSF ဆွစ်ဇာလန်အတွက် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ အမျိုးသား ၅ ယောက်၊ အမျိုးသမီး ၁၁ယောက်၊ စုစုပေါင်း ၁၆ ယောက် ပါဝင်တက်ရောက်ခဲ့ပါတယ်။

ဒီသင်တန်းကိုပဲ MPG နဲ့ MSM ကွန်ရက်တို့အတွက် ဒီဇင်ဘာလ ၂၆ရက်နေ့ကနေ ၂၈ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ တက်ရောက်သူ အမျိုးသား ၂၂ဦးနဲ့ အမျိုးသမီး ၈ဦး၊ အားလုံးပေါင်း အယောက် ၃၀ ရှိခဲ့ပါတယ်။

အဆိုပါ သင်တန်းတွေကို အသင်းအဖွဲ့စည်းလုံးမှုမြှင့်တင်ရာမှာ ပိုမိုထိရောက်စွာပါဝင်လာကြစေဖို့အတွက် လိုအပ်တဲ့ အသိပညာနဲ့ အတွေ့အကြုံတွေ ရရှိသွားစေဖို့၊ တောင့်တင်းခိုင်မာတဲ့ အသင်းတစ်သင်းကို တည်ဆောက်ဖို့ နည်းလမ်းတွေကို ထဲထဲဝင်ဝင် နားလည်သွားကြစေဖို့ ဦးတည်ပြုလုပ်ခဲ့ပါတယ်။ သင်တန်းမှာ ပါဝင်တဲ့အကြောင်းအရာတွေကိုလည်း ရရှိတဲ့အချိန်နဲ့ သင်တန်းသားတွေရဲ့အဆင့်နဲ့ ကိုက်ညီအောင် ချိန်ညှိခဲ့ပါတယ်။

သင်တန်းတွေအပြီးမှာတော့ သင်တန်းသားတွေဟာ အဖွဲ့ဝင်တွေက အဖွဲ့အပေါ် ထားရှိတဲ့ ရှုထောင့် အမျိုးမျိုးကို နားလည်သွားကြပြီး အဖွဲ့အတွင်း ကောင်းမွန်တဲ့ လုပ်ငန်းခွင်တစ်ခု ရှိနေဖို့ လိုတယ်ဆိုတာ သိရှိသွားကြပါတယ်။ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ အားသာချက်တွေကိုလည်း သိရှိသွားကြပြီး သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ခွင့် ရခဲ့ကြပါတယ်။ ဒါ့အပြင် အဖွဲ့တစ်ခုကို လိုက်လျောညီထွေစွာ စီမံအုပ်ချုပ် ခေါင်းဆောင်ပုံကိုလည်း သင်ယူခဲ့ကြပါတယ်။

## Participatory Learning and Actions (PLA)

To understand the basic concept of participatory learning action and its tools, CBI organized PLA Training for UNHCR project staff from 13 to 15 November, 2011. Altogether 22 participants attended. They could identify not only appropriate PLA tools to apply in their work but also advantages, challenges and ways forward based on their local experiences.

## ပူးပေါင်းပါဝင်သော လေ့လာသင်ယူဆောင်ရွက်ခြင်း

ပူးပေါင်းပါဝင်တဲ့ လေ့လာသင်ယူဆောင်ရွက်ခြင်းဆိုင်ရာ အသိအမြင် ဗဟုသုတတွေနဲ့ အသုံးပြုရမယ့် ကိရိယာတွေကို နားလည်သွားစေလိုတာကြောင့် စီဘီအိုင်ကနေ ပူးပေါင်းပါဝင်သော လေ့လာသင်ယူခြင်း သင်တန်းကို UNHCR စီမံချက်ဝန်ထမ်းတွေအတွက် ပို့ချပေးခဲ့ပါတယ်။ သင်တန်းကို နိုဝင်ဘာလ ၁၃ရက်နေ့ကနေ ၁၅ရက်နေ့အထိ ပြုလုပ်ခဲ့တာဖြစ်ပြီး သင်တန်းသား ၂၂ယောက်တက်ရောက်ခဲ့ပါတယ်။ တက်ရောက်သူ သင်တန်းသားတွေဟာ သူတို့ရဲ့ လုပ်ငန်းနယ်ပယ်နဲ့ ကိုက်ညီတဲ့ ပူးပေါင်းပါဝင်သော လေ့လာသင်ယူဆောင်ရွက်ခြင်းဆိုင်ရာ ကိရိယာတွေကို သိရှိသွားခဲ့ကြသလို သူတို့ရဲ့ အတွေ့အကြုံပေါ် မူတည်ပြီးလည်း အခွင့်အလမ်းတွေ စိန်ခေါ်မှုတွေ ရှေ့ဆက်လုပ်မယ့် နည်းလမ်းတွေကို ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။

## Organization Development (OD) Workshops



CBI conducted OD workshops in responding to the result of training need assessment (TNA) conducted with LNGOs and CBOs staffs. Purpose of the workshop was to understand the basic knowledge on organization development and to be able to facilitate their organizational change and development successfully. At the end of the workshop, participants understood basic knowledge of OD and principles, some OD models and norms and culture of their organization.

CBI organized OD workshops for Myanmar's Heart Development Organization (MHDO), Country Agency for Rural Development (CAD) within the month of October, November and December, 2011.

## အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲများ



ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတွေက ဝန်ထမ်းတွေနဲ့ သင်တန်းလိုအပ်မှု ဆန်းစစ်ချက်ရဲ့ ရလဒ်ကို တုံ့ပြန်ဖြည့်ဆည်းတဲ့အနေနဲ့ စီဘီအိုင်က အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံ ဆွေးနွေးပွဲတွေ ပြုလုပ်ပေးခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အခြေခံ ဗဟုသုတတွေကို သိမြင်သွားကြပြီး အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲ ဆောင်ရွက်မှုတွေ အောင်မြင်အောင် ပံ့ပိုးကူညီနိုင်စေဖို့ပဲ ဖြစ်ပါတယ်။ အလုပ်ရုံ ဆွေးနွေးပွဲ အပြီးမှာတော့ တက်ရောက်သူတွေဟာ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံ မူတွေ အသိပညာတွေကို နားလည်သွားကြပြီး အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုပုံစံတွေ စံသတ်မှတ်ချက်တွေ ယဉ်ကျေးမှုဆိုင်ရာတွေကိုလည်း သိရှိသွားကြပါတယ်။

MHDO နဲ့ CAD အဖွဲ့တို့အတွက် အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေအတွင်း အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲတွေကို ပြုလုပ်ပေးခဲ့ပါတယ်။

---

## CBI Training Calendar
### ( February to August 2012 )

| No | Training Title | Training Delivery Dates | Training Invitation Dates | Application Closing Dates | Confirmation Dates from CBI |
|---|---|---|---|---|---|
| 1 | Report Writing (RW) | 27, 28, 29 February | 7 February | 23 February | 24 February |
| 2 | Project Cycle Management (PCM) | 28, 29, 30 March | 17 February | 21 March | 23 March |
| 3 | Leadership | 4, 5, 6 April | 1 March | 28 March | 30 March |
| 4 | Organization Development (OD) | 8, 9, 10 May | 2 April | 2 May | 4 May |
| 5 | Human Resources Development (HRD) | 20, 21, 22 June | 11 May | 12 June | 14 June |
| 6 | Proposal Writing (PW) | 4, 5, 6 July | 8 June | 27 June | 29 June |
| 7 | Project Designing (PD) | 15, 16, 17 August | 6 July | 7 August | 9 August |

Contact Person : Myat Thu Htike (Service Admin Officer)
Telephone: 501379, 523675
Email: cbitraining.training@gmail.com Website: www.cbiinmyanmar.org

# Update News from LRC

## Series of forums on "the Defining the Role of CSOs under Current Political Setting"

Since political setting and structure of the country has changed recently, civil society organisations need to redefine and strategically reposition ourselves to bring about the new area of State-Civil Society Relationship.

## Forum with Yangon-based CSOs, November 22, Tuesday

On November 22, Tuesday, representatives from 39 CSOs based in Yangon, together with 4 international NGOs and one Embassy met at Local Resource Centre. The main purposes of this forum was 1) to discuss about the perspective of CSOs towards the current political situation, 2) to define the definition and role of civil society organisations and identify CSOs working around the region, 3) review the changes in political situations and how these changes are affecting the existence and work of CSOs, and 4) the working environment among CSOs and how this environment can be effectively improved in order to contribute towards the socio-economic development of the society.

After the group discussions of four components, section for the possible action points was followed. A couple of actions points were identified and agreed among the participants of the forum. The general line for possible future action points are 1: to invite government officials and other stakeholder groups into the process, 2: to define ourselves and 3: to produce a kind of discussion papers compiling all the discussion points of Yangon forum, questionnaires answered by CSOs from 5 regional locations and discussion points of Mandalay forum.

---

# Activities implemented by Phan Tee Eain (PTE)

## International Conference on Myanmar: Bridging South and Southeast Asia



Daw Shwe Shwe Sein Latt, Director from PTE attended and gave presentation on Engaging Women: Strategy for Increasing Women Participation in Myanmar Politics and Nation Building at the International Conference on Myanmar: Bridging South and Southeast Asia at New Delhi, India, from January 30-31, 2012.

## Seminar on Engaging Women: Strategy for Increasing Women Participation in Myanmar Politics and Nation Building



Phan Tee Eain organized a three-days Seminar on Engaging Women: Strategy for Increasing Women Participation in Myanmar Politics and Nation Building at Yangon from 14 to 16 January 2012. All together 12 (Women MPs Hluttaw Representatives) attended and developed strategy to promote women participation in decision making process

## International Visitor Leadership Program "Women in Public Service"



Daw Shwe Shwe Sein Latt, Director from Phan Tee Eain participated at the International Visitor Leadership Program entitled "Women in Public Service" which is sponsored by the U.S. Department of State (DOS) and administered by the Institute of International Education from December 5th to 19th, 2011 in the United States of America.

## Update NGO Contact Information

### Mercy Corps – Myanmar

No. 87-C, Kan Street (U Kun Zaw Lane), 10 Ward, Hlaing Township, Yangon, Myanmar.
Ph: 95-1-524 419

### Pyi Gyi Khin (PGK)

Room 305 & 403, Yankin Garden Residence, Si Pin Lan Thit 1st Street, Yankin Township, Yangon, Myanmar.
Ph : 95-9-855 1510, 95-1-400 261, Fax: 95-1-400 261
Email : nwezinwin@pgkmyanmar.org (Executive Director), yeyith@gmail.com (Program Coordinator), finance@pgkmyanmar.org (Finance Manager), admin@pgkmyanmar.org (Admin/ HR Officer)
Website : www.pgkmyanmar.org

### Precious Stones

12/B2-C2, Thamine Lane, Insein Thamine Main Road.
Ph: 95-9-731 86158

### Myanmar Business Coalition on AIDS (MBCA)

MBCA Executive Office : No. 116/A, Inya Road, Kamayut Township, Yangon.
Ph : 95-1-514 598
Focal Person - Aye Thida Aung, Sr. Secretary of Principal

MBCA Project Office : #09 -1002, # Building (212- A) Shwe Gone Ding Tower, Bahan Township, Yangon.
Ph : 95-9-86 19332
Focal Person - Dr. Nwe Nwe Oo, Assistant Coordinator

Email : mbconaids@gmail.com, program@mbconaid.org
Website : http://www.mbconaid.org

### Bridge Asia Japan /Magway Office

Aung Say Ta Nar quarter, (c) group, Taung Twin Main Road, Magway.
Ph : 95-63-26220, 25572

### Danish Refugee Council Myanmar-DRC (Myanmar )

84-2A, Sayasan Lane, Bahan Township, Yangon.
Ph : 95-1-543776, 548674

### Myanmar Anti-Narcotics Association (MANA)

MANA-Central, Head Quarter: manacentral@yangon.net.mm
MANA-Projects, 3DF Project and GF R9 Project: manaygn@yangon.net.mm, manaygn503@gmail.com

### Myanmar's Heart Development Organization

No. 56, Second Floor, Corner of Strand Road and Taw (Taw Win) Road, Set Myae Ward, Thel Kwin Bus Stop, Kyit Myin Taing Township, Yangon, Myanmar.
Ph : 95-9-8575939, 95-9-49641032
Email : myanmarheart.org@gmail.com

### Swanyee Development Foundation

Head Office Address : Room A-8, Building 138 B-1, New University Avenue Road, Sayarsan Quarter, Bahan Township, Yangon.
New Sub Office Address : No.74/76,A Nauk Myo Part Lane, North/ West Sayarsan Ward, Bahan Township, Yangon.
Ph : 95-9-73040433, 95-9-8515134
Email : swanyee@swanyee.org
Website : www.swanyee.org

### Solidarites Inernational

No.(44-A), Taryarwaddy Lane, Sayar San Ward, Bahan Township, Yangon.
Ph : 95 -1-544 806

### Mangrove Service Network (MSN)

Room No.(101), 2nd Floor, Building (B), Highway Complex Housing Estate (Sinmalike) Yuzana Lane, Hanthawady Road, No.(6) Ward, Kamayut Township, Yangon, Myanmar.
Ph : 95-9-73213356